**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**

**ဝါရှင်တန်မြို့**

**အမေရိကန်နိုင်ငံ၊ ပနားမားနိုင်ငံ၊ ကိုလံဘီယာနိုင်ငံ၊ ဂျမေကာနိုင်ငံ၊ မက္ကဆီကိုနိုင်ငံနှင့် အမေရိကန်နိုင်ငံအနီးဝန်းကျင်ရှိ ဒေသတွင်းနိုင်ငံများသို့ ရောက်ရှိအလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံသို့ ခွင့်ဖြင့်ပြန်လည်ဝင်ရောက်ရာတွင် မြန်မာသံရုံး၏ ထောက်ခံစာ လျှောက်ထားရယူရေးနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း**

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

၁။ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ပြီး သက်ဆိုင်ရာနိုင်ငံများရှိ လုပ်ငန်းခွင်များသို့ ပြန်လည် ထွက်ခွာခွင့် တင်ပြမှုများအပေါ် အလုပ်သမားဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များစိစစ်၍ ပြည်ပသို့ ပြန်လည် ထွက်ခွာရန် ခွင့်ပြုပေးလျက်ရှိပါသည်။

၂။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ၂၈-၄-၂၀၂၆ ရက်စွဲပါကြေညာချက်အရ အမေရိကန်နိုင်ငံ၊ ပနားမားနိုင်ငံ၊ ကိုလံဘီယာနိုင်ငံ၊ ဂျမေကာနိုင်ငံ၊ မက္ကဆီကိုနိုင်ငံနှင့် အမေရိကန်နိုင်ငံအနီးဝန်းကျင်ရှိ ဒေသတွင်းနိုင်ငံများသို့ ရောက်ရှိအလုပ်လုပ်ကိုင် လျက်ရှိပြီး မြန်မာနိုင်ငံသို့ ခွင့်ဖြင့်ပြန်လည်ဝင်ရောက်မည့် မြန်မာနိုင်ငံသားများအနေဖြင့် **၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်မှစတင်၍** မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည့်နေ့ရက်မတိုင်မီ **အနည်းဆုံး ရက်သတ္တပတ် (၂) ပတ်ကြိုတင်၍** မြန်မာသံရုံး၊ ဝါရှင်တန်မြို့သို့ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ထောက်ခံစာ တင်ပြလျှောက်ထား နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) နိုင်ငံကူးလက်မှတ်မိတ္တူ ၊ မှတ်ပုံတင်မိတ္တူ၊

(ခ) သက်တမ်းရှိ ဗီဇာအစရှိသည့် အမေရိကန်နိုင်ငံတွင် နေထိုင်ခွင့်အထောက်အထား (သို့မဟုတ်) အလုပ်လုပ်ကိုင်ခွင့်အထောက်အထား၊

(ဂ) OWIC ကတ်ကိုင်ဆောင်ထားသူဖြစ်ပါက OWIC ကတ် ရှေ့/နောက်မိတ္တူ၊

(ဃ) မြန်မာနိုင်ငံသို့ ခွင့်ဖြင့်ပြန်ရန် အလုပ်ရှင်မှ ခွင့်ပြုထုတ်ပေးထားသော ခွင့်အမျိုးအစားနှင့် ခွင့်ကာလတို့ ဖော်ပြပါရှိသည့် စာမူရင်း၊

(င) ထောက်ခံစာကြေး (USD 15) ၊

(စ) ဝင်ငွေခွန်ပေးဆောင်ထားသော ပြေစာ မိတ္တူ (၁) စုံ။

၃။ မြန်မာသံရုံးသို့ ထောက်ခံစာကြေး ပေးဆောင်ရာတွင် Money Order (သို့မဟုတ်) Cashier Check ဖြင့်သာ ပေးသွင်းရန်ဖြစ်ပြီး Personal Check ဖြင့် ပေးသွင်းခြင်း မပြုပါရန်နှင့် Pay to နေရာတွင် Myanmar Embassy ကိုလည်းကောင်း၊ From နေရာတွင် ပေးသွင်းသူ၏ အမည်နှင့် လိပ်စာကိုလည်းကောင်း ဖြည့်သွင်းရန် ဖြစ်ပါသည်။

၄။ စာတိုက်မှတစ်ဆင့် ထောက်ခံစာလျှောက်ထားမှုများနှင့်ပတ်သက်၍ မြန်မာသံရုံးမှ ထောက်ခံစာ ပြန်လည်ပေးပို့နိုင်ရန် လျှောက်ထားသူ၏ လိပ်စာရေးသွင်းထားသည့် တံဆိပ်ခေါင်းကပ်ပြီး (သို့မဟုတ်) ကျသင့်တန်ဖိုးပေးချေပြီးဖြစ်သော အပြန်စာအိတ် (Return Envelope) ကို တစ်ပါတည်း ထည့်သွင်း ပေးပို့ပါရန်၊ ပေးပို့သည့်စာအိတ် ပျောက်ဆုံးမှုမရှိစေရေး သတိပြုဆောင်ရွက်ကြပါရန်နှင့် ကာယကံရှင် အသုံးပြုသည့် စာပို့စနစ်ကြောင့် အချိန်မီမရရှိခြင်း၊ ပျောက်ဆုံးခြင်းများဖြစ်ပွားပါက လျှောက်ထားသူ၏ တာဝန်သာဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်

## ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ ထုတ်ပြန်ခြင်း

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်

၁။ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ပြီး သက်ဆိုင်ရာနိုင်ငံများရှိ လုပ်ငန်းခွင်များသို့ ပြန်လည်ထွက်ခွာခွင့်ပြုပါရန် တရားဝင်ရုံးပိတ်ရက်မပါ ၅ ရက်ကြိုတင်၍ သတ်မှတ်ပုံစံ၊ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လျှောက်ထားလာမှုများအား စိစစ်ပြီး ပြည်ပထွက်ခွာခွင့်များအား Safe Migration Telegram Channel တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် အချို့အလုပ်သမားအသစ်များသည် ဝန်ကြီးဌာနမှ သတ်မှတ်ထားသော စနစ်တကျ စုဆောင်းခြင်း၊ ပြည်ပသို့မထွက်ခွာမီ သင်တန်းတက်ရောက်ခြင်းနှင့် ဆေးစစ်ခံခြင်း လုပ်ငန်းစဉ်များကို ကျော်လွှားနိုင်ရန်အတွက် "ခွင့်ပြန်အလုပ်သမား" အဖြစ် အသွင်ဆောင်ကာ ခွင့်စာအတုများပြုလုပ်၍ ခွင့်ပြန်အလုပ်သမားများအတွက် သတ်မှတ်ထားသောလမ်းကြောင်းကို အလွဲသုံးစားပြု၍ တရားမဝင်ထွက်ခွာရန် ကြိုးစားခြင်းများ တွေ့ရှိရသဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် လုံခြုံစိတ်ချရသောရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်စေရေးနှင့် လူကုန်ကူးခံရမှု အပါအဝင် မလိုလားအပ်သည့် အန္တရာယ်များ မဖြစ်ပွားစေရေး စနစ်တကျ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ထိုသို့စိစစ်ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများမရှိစေရေးအတွက် **၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှစတင်၍** ပြည်ပနိုင်ငံများမှ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည့် အလုပ်သမားများအနေဖြင့် မြန်မာနိုင်ငံသို့ မလာရောက်မီ အလုပ်ရှင်၏ ခွင့်စာ (Letter of Permission for Leave) ရယူ၍ အောက်ပါအတိုင်း ဆောင်ရွက်သွားရန် အသိပေးကြေညာအပ်ပါသည် -

(က) သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်၍ ခွင့်စာပြသပြီး ထောက်ခံစာယူဆောင်ရန်၊

(ခ) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားခြင်းမရှိသည့် နိုင်ငံများအနေဖြင့် အနီးဆုံးနိုင်ငံ သို့မဟုတ် အနီးဆုံးမြို့ရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်၍ ခွင့်စာပြသပြီး ထောက်ခံစာယူဆောင်ရန်။

၄။ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ထွက်ခွာမည့် အလုပ်သမားများအနေဖြင့် Work Permit ၊ ဗီဇာနှင့် ခွင့်စာပါ လုပ်ငန်းခွင်နှင့် OWIC ကတ်တွင်ပါရှိသည့် လုပ်ငန်းခွင်မတူညီ

ပါက မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် OWIC ကတ်အား အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်ပနိုင်ငံများမှ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ထွက်ခွာမည့် အလုပ်သမားများအနေဖြင့် သက်ဆိုင်ရာအလုပ်ရှင်များထံမှ ခွင့်စာရယူပြီး အပိုဒ် ၃ ပါအတိုင်း ဆောင်ရွက်၍ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၏ ထောက်ခံစာနှင့်အတူ ပြည်ပထွက်ခွာခွင့် တင်ပြနိုင်ရေးနှင့် ခွင့်စာအားလိမ်လည်တင်ပြလာပါက ကာလသတ်မှတ်ချက်တစ်ခုဖြင့် ပြည်ပထွက်ခွာခွင့် ပိတ်ပင်ခြင်းနှင့် အမည်မည်းစာရင်း ရေးသွင်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန